# ဓမ္မခန္ဓာ (၁၀၇) ရေကြည်တစ်ပေါက် (အလ်–မာအူးန်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၇)၊ သုတ်ဒေသနာ (၇)ပါး၊

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّٰهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **أَرَأَيْتَ الَّذِي يُكَذِّبُ بِالدِّينِ**۞<br>သာသနာတော်အား ငြင်းပယ်ဆန့်ကျင်သူကို သင် မမြင်သလော။[၁၂၀၇] |
| ၂။ | **فَذَٰلِكَ الَّذِي يَدُعُّ الْيَتِيمَ**۞<br>ယင်းသည် မိဘမဲ့တို့အား ကြမ်းကြုတ်စွာဆက်ဆံသူ– |
| ၃။ | **وَلَا يَحُضُّ عَلَىٰ طَعَامِ الْمِسْكِينِ**۞<br>သူဆင်းရဲတို့အား ကျွေးမွေးကြဟု မတိုက်တွန်းသူ–တို့ ဖြစ်၏။ |
| ၄။<br>☆၂း၃ | **فَوَيْلٌ لِّلْمُصَلِّينَ**۞<br>သို့ဖြစ်၍– ထိုမေတ္တာဓိဌာန်ပြုနေသူတို့သည်☆ ပျက်စီးရမည်သားတည်း။ |
| ၅။ | **الَّذِينَ هُمْ عَن صَلَاتِهِمْ سَاهُونَ**۞<br>သူတို့သည် သူတို့၏ မေတ္တာဓိဌာန်၌ လေးလေးနက်နက် မရှိဘဲ– |
| ၆။ | **الَّذِينَ هُمْ يُرَاؤُونَ**۞<br>လူမြင်ကောင်းစေလိုသူများ ဖြစ်၏။ |
| ၇။ | **وَيَمْنَعُونَ الْمَاعُونَ**۞<br>ရေကြည်တစ်ပေါက်မျှကိုပင် ဟန့်တားနေကြကုန်၏ |

---

(၁၂၀၇) ဤသုတ်တော်သည် အာရ်ဗီဘာသာအားဖြင့် **ဆွလတ်**ဟု ခေါ်သော မေတ္တာဓိဌာန်ပြုခြင်း သို့မဟုတ် မိမိနှင့် အခြားသူများအား တစ်သားတည်း ခံယူခြင်းဟူသည် မည်သို့ ဖြစ်သည်ဟု ထိထိရောက်ရောက် သွန်သင်သော သုတ်တော် ဖြစ်ပေသည်။– မိဘမဲ့တို့၏ ဘဝများ ကောင်းစားဖွံ့ဖြိုးရေးကို မတွေးတောပေးသူ၊ သူဆင်းရဲတို့အား မိမိကိုယ်တိုင် ကျွေးမွေးခြင်း မရှိသလို သူတစ်ပါး တတ်နိုင်သူအားလည်း သူဆင်းရဲတို့အား ကျွေးမွေးကြပါဟု မတိုက်တွန်း မနှိုးဆော်သူ၊ ရေကြည်လေး တစ်ပေါက်မျှ တိုက်ကျွေးခြင်း– သို့မဟုတ် အသေးအဖွဲ့လေး တစ်ခုမျှ ကူညီရခြင်းကိုပင် ဟန့်တား ပိတ်ပင်နေသူ– ထိုသူတို့၏ ဆွလတ်ပြုနေခြင်း၊ နမာ့ဇ်ဖတ်နေခြင်းသည် လူမြင်ကောင်းရန် ပြစားနေခြင်းသာ ဖြစ်၍– ထိုသို့သော နမာဇီများ၊ ဆွလတ်ပြုနေသူများ–၊ နှုတ်အားဖြင့်သာ မေတ္တာပို့နေသူများမှာ ပျက်စီးခြင်း ဆိုက်ရောက်ရမည်ဟု ကျမ်းတော်က လေးလေးနက်နက် သတိပေးထားခြင်း ဖြစ်ပေသည်။ နောက်ဆုံး သုတ်တော်မှ– **မားအူးန်** ဆိုသည်မှာ အသေးအဖွဲ့ကူညီမှုများ–လည်း အနက်ပေးပေသည်။